## ရဟန်းမင်းကြီးဖရန်စစ်၏ယနေ့မြွတ်ကြားသောဩဝါဒ

သာမန်အခြေအနေမျိုး၌ဗုဒ္ဓဟူးနေ့တိုင်းရဟန်းမင်းကြီးတွင်ဖြည့်ဆည်းရန်အမှုတော်တစ်ပါးရှိသည်။ ကမ္ဘာ အရပ်ရပ်မှစိန့်ပီတာရင်ပြင်သို့ရောက်နေသောဘုရားဖူးများနှင့်တွေ့ဆုံ၍ဩဝါဒပေးခြင်းဖြစ်သည်။ သို့သော် ကိုဗစ် (၁၉) ကပ်ရောဂါ၏ရိုက်ခတ်မှုကို တရုတ်ပြီးလျှင်အီတလီ လည်းဆိုးဆိုးရွားရွားခံ လိုက်ရသော ကြောင့်ထိုအစဉ်အလာကိုရပ်ဆိုင်း ထားသည်မှာတစ်လကျော်လာပြီဖြစ်သည်။

ယနေ့သည်ဗုဒ္ဓဟူးနေ့ဖြစ်သည်။ သာမန်ဗုဒ္ဓဟူးမဟုတ်ပေ။ သန့်ရှင်းသောရက် သတ္တပတ်၏ ဗုဒ္ဓဟူးနေ့ ဖြစ်သည်။ နက်ဖန်နေ့ဆိုလျှင်ပါးစကာပွဲတော်၏ရက်ကြီးအခါကြီးစတင်တော့မည်။ ရဟန်းမင်းကြီး အနေ ဖြင့် ကမ္ဘာ အရပ်ရပ်မှဘုရားဖူးများကိုမြွတ်ကြားစရာအကြောင်းအရာအဘယ်မျှရှိလေမည်နည်း။ သာမန် အချိန်၌ပင်လျှင် မမောနိုင်မပန်းနိုင်၊ ပြေမကုန်နိုင်အောင်ရှိနေသောရဟန်းမင်းကြီး၊ ယခုကဲ့သို့ အရေး လည်းကြီးပြီး၊ အရေးပေါ်အချိန်ကာလမျိုး၌ပို၍ပင်မြွတ်ကြားစရာ၊ သတင်းပါးစရာ၊ အားပေးနှစ်သိမ့် စရာ ဖော်မပြနိုင်အောင်ရှိနေပေမည်။ ဘုရားဖူးများကူးစက်ရောဂါကပ်ဆိုးကြောင့် စိန့်ပီတာရင်ပြင် အတွင်း၌မရှိကြသော်လည်းလေလှိုင်းမှတဆင့်ထုတ်လွှင့်ခဲ့သည်။ ထိုထုတ်လွှင့်မှု၌ အောက်ပါ အတိုင်း မြွတ်ကြားခဲ့သည်။

## ခင်မင်လေးစားပါသောညီအစ်ကိုမောင်နှမအပေါင်းတို့

လက်ရှိ၌ဖြစ်ပျက်နေသော ကူးစက်ရောဂါကြောင့်စိုးရိမ်ပူပန်မှု၊ ခံစားမှုများကြား၌ကျွန်ုပ်တို့သည် မသေချာမ ရေရာသောအခြေအနေမျိုးနှင့်ကြုံတွေ့နေရသည်။ ဤအခြေအနေမျိုး၌ ဘုရားကိုအဘယ်သို့ ဖွေရှာတွေ့ ရှိနိုင်မည်နည်းဟု လည်းမေးဖြစ်ပေမည်။ ဤသန့်ရှင်းသော ရက်သတ္တပတ် အတွင်းယေဇူး သခင်၏ ကား တိုင်လမ်းအကြောင်းထောက်ရှု ၍စိတ်အေးချမ်းတည်ငြိမ်မှုကိုပြန်ရရှိနိုင်ပါသည်။ ကျွန်ုပ်၏ ယေဇူးသခင် သည်လည်းကြုံတွေ့ရသောအခြေအနေ၏ပြင်း ထန်လွန်းသော ကြောင့်သူသည် အမှန် တကယ် ဓမ္မဟောင်းကျမ်း၌ကတိထားသောမက်ဆီးယာဟုတ်မဟုတ်ပါလေစဟုဖြစ် သည်။ ယေဇူးသခင် ၏ လူ့အ သက်တော်ကုန်ဆုံးသည်နှင့်ပြောင်းလဲဖြစ်ပျက်လာသောကောင်းကင်၊ မြေပြင်၊ သချိုင်းများ ကြောင့် လူမျိုးခြား၊ ဘာသာခြား ဖြစ်သော လူတစ်ရာ တပ်မှူးက ဘုရား၏ သားတော်ဖြစ်သည် ကိုဖော် ထုတ် ဝန်ခံခဲ့သည်။ အဘယ်ကြောင့် ဆိုသော်ဘုရား သခင်၏တန်ခိုး တော်သည် အလွန်နှိမ့် ကျသောကား တိုင် ပေါ်တွဲ လွဲနေသောယေဇူးသခင်၏ ချစ်ခြင်း၌ကပ်သောပူဇော်ခြင်း၌မြင်တွေ့ခံစားခဲ့ရသည်။

ကျွန်ုပ် တို့သည်တပည့်တော်ကြီးများကဲ့သို့ယေဇူးသခင်အားအညံ့မခံစေလို။ သူ၌ရှိသော အစွမ်း တန် ခိုး များ ကိုတစ် ခုမကျန်ထုတ်သုံး၍ပြသာနာကိုဖြေရှင်းစေလိုသည်။ သူမှန်သည် ကိုသက် သေပြ စေ လို

သည်။ ယေရှုးသခင်၏လောကအ သက်တာ ကုန်ဆုံးခြင်းသည် လူ့အမြင်၌ အရေးနိမ့်သည်ဟု ထင်မှတ်ရသည်။ သို့သော်ယေရှုးသခင်၏ရှင်ပြန်ထမြောက်ခြင်း သည်တပည့်တော် ကြီးတို့ထုတ်ပြ စေလိုသော လောက အာဏာသည်ရေရှည်မခံ။ ချစ်ခြင်းအရင်းခံသောပေးဆက်ခြင်း သည်သာ ဖြစ်သည် နောက်ဆုံး၌ အရာ ရာ ကို အောင်မြင်နိုင်သည်ကိုသက်သေပြလိုက်သည်။

## ချစ်ခင်လေးစားရပါသောညီအစ်ကိုမောင်နှမအပေါင်းတို့

ကားတိုင်ပေါ်တွင်တင်သတ်ခံခဲ့ပြီး၊ သေခြင်းမှပြန်လည်ထမြောက်သော ကျွန်ုပ်တို့၏ သခင်ထံမှရဲ စွမ်းသတ္တိကို တောင်းခံကြပါစို့။ အဘယ်ကြောင့် ဆိုသော်သူ၏သေခြင်းကြောင့် ကျွန်ုပ်တို့သည် သူ့အပေါ် လုံးဝဥသုန် ယုံ ကြည်လာမည်၊ မ ယုံကြည်မည်၊ အဆုံးတိုင်တည်ကြည်မည်၊ မတည်ကြည်မည်၊ အပြောင်း အလဲမြန် သောကျွန်ုပ်တို့၏အလွန်ပျော့ညံ့သော အခြေအနေကို ယေရှုးသခင်သည် ဘာမျှမမှုဘဲ ထွေး ပိုက် ခဲ့သည်။ ကျွန်ုပ်တို့အပြစ်များကိုကုစားပေးခဲ့သည်။ သူနှင့်ပိုမိုနီး ကပ်အောင် ကျွန်ုပ်တို့ကို ဆွဲခေါ်သည်။ သူ့အ ပေါ်ထားရှိသောကျွန်ုပ်တို့၏သံသယများကိုယုံကြည်ခြင်းအဖြစ်လည်း ကောင်း၊ ကျွန်ုပ် တို့၏ ကြောက်ရွံ့မှုကို မျှော်လင့်ခြင်းအဖြစ်လည်းကောင်း၊ ပြောင်းလဲပစ်ပေးခဲ့သည်။

ဘာသာပြန်

ဖာသာရ်ကလဲ့မင်အားတယ်